မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၄၂ ]** ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် ( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် ) } **သောကြာနေ့ [ အတွဲ ၆၇**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၄**

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် )

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့တွင်**
**အတွင်းရေးမှူး ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၇၄/၂၀၁၂) ဖြင့် ဖွဲ့စည်းခဲ့သော **"မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့"** တွင် အတွင်းရေးမှူး ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန **အစား** အတွင်းရေးမှူး ဒေါက်တာစန်းလွင်၊ ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ်၊ ၂၃/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့် ကာကွယ်ရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၄ နှင့်

ပုဒ်မ ၉ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော **"မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်"** ကို ဖွဲ့စည်းတာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးဝင်းမြ<br>သံအမတ်ကြီး (အငြိမ်းစား) | ဥက္ကဋ္ဌ |
| (ခ) | ဦးစစ်မြိုင်<br>ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)<br>လူမှုဝန်ထမ်းဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးဇော်ဝင်း<br>ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးယုလွင်အောင်<br>ဥက္ကဋ္ဌ (အငြိမ်းစား)<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးညွှန့်ဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါက်တာမြင့်ကြည်<br>ဒုတိယပါမောက္ခချုပ် (စီမံ) (အငြိမ်းစား)<br>အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာဉာဏ်ဇော်<br>ပြည်နယ်ဆေးရုံအုပ်ကြီး (အငြိမ်းစား) | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာဒေါ်သန်းနွဲ့<br>ပါမောက္ခ/ဌာနမှူး (အငြိမ်းစား)<br>ဥပဒေပညာဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်မြမြ<br>ဒုတိယအထွေထွေမန်နေဂျာ (အငြိမ်းစား)<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်လေး<br>ညွှန်ကြားရေးမှူး (အငြိမ်းစား)<br>အလုပ်သမားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးစိုးဘုန်းမြင့်<br>ဦးစီးအရာရှိ (အငြိမ်းစား)<br>ရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၆၉ ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက် )

**၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော ၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　　။ )**

၁၃၇၆ ခုနှစ်၊　　　လ　ရက်

( ၂၀၁၄ ခုနှစ်၊　　လ　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို ၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။　၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြို့နယ်အားလုံးနှင့် ကျေးလက်ဒေသမကျန် နှစ်စဉ် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အလိုက် ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာခန့်မှန်းခြေငွေစာရင်းတို့ကို ရေးဆွဲရာတွင် ပါဝင်လာစေရန်။"

၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ကော်မတီ၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ငွေအဖြစ် လွှဲပြောင်းပေးပို့လာသောငွေကို သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအောက်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေအတွက် တိုင်းဒေသကြီး**

**သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ငွေ**အမည်ဖြင့် ငွေစာရင်းဖွင့်လှစ်ပြီး ငွေထုတ်သူအရာရှိအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့၏ အမည်စာရင်းနှင့် ငွေစာရင်းအမှတ်တို့ကို ကော်မတီသို့ ပေးပို့ခြင်း။"

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၁၀။ (က) ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုလွှတ်တော်နာယကက အကြောင်းကြားသည့် အခါ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံ တင်ပြ ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် )

## ဥပဒေကြမ်းပူးပေါင်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုလွှတ်တော်နာယကသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ အသေးစိတ်လေ့လာစိစစ်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၇၇/၂၀၁၄) ဖြင့် ဖွဲ့စည်းထားသော ဥပဒေကြမ်းပူးပေါင်းကော်မတီကို အောက်ပါ အတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ဦးနန္ဒကျော်စွာ | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (၂) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဦးခင်မောင်ရီ | ဧရာဝတီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၆) | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ဒေါ်နန်းဝါနု | ကွန်ဟိန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးသောင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးခင်ဝင်း | ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးစိုးစိုး | ထီးချိုင့်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဒေါ်ခင်ဒွေးကြွယ် | မော်လမြိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဦးခင်မောင်ညို | ပေါက်မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၁) ဦးခင်မောင်ရွှေ | တမူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) ဦးစိုးရယ် | ဒီမောဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၃) ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၄) ဦးသိန်းထွန်းဦး | အမရပူရမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၅) ဒေါက်တာစိုးမိုးအောင် | ဘီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၆) ဦးအောင်မြသန်း | ညောင်တုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၇) ဦးစိုင်းတင်အောင် | ကချင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (၁၈) ဦးဟာရှိန်းဘွေ | ချင်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၈) | အဖွဲ့ဝင် |
| (၁၉) ဦးတင်မြ | စစ်ကိုင်းတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (၂၀) ဦးမိုးမြင့် | တနင်္သာရီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (၂၁) ဦးဝင်းနိုင်ရှိန် | ပဲခူးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (၂၂) ဦးမြင့်ထွန်း | ပဲခူးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (၂၃) ဦးစိုးမြင့် | မကွေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (၂၄) ဦးဝင်းမောင် | မန္တလေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၂၅) ဦးကျော်ကျော် | ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (၂၆) ဦးမောင်အေးထွန်း | ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၉) | အဖွဲ့ဝင် |
| (၂၇) ဦးတင်ယု | ရန်ကုန်တိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၁၁) | အဖွဲ့ဝင် |
| (၂၈) ဗိုလ်မှူးချုပ်ကျော်ဦးလွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၂၉) ဗိုလ်မှူးကြီးခင်စိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၃၀) ဦးစောလှထွန်း | ချောင်းဦးမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (၃၁) ဒေါက်တာမြတ်ညဏစိုး | ရန်ကုန်တိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၄) | တွဲဖက်အတွင်းရေးမှူး |

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၄)

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် )

## ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုလွှတ်တော်နာယကသည် လွှတ်တော်က တာဝန်ပေးအပ်သော ငွေစာရင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၄) ဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ဦးနန္ဒကျော်စွာ | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (၂) | ဦးသူရိန်ဇော် | ကော့ကရိတ်မဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဦးသိန်းဝင်း | စစ်ကိုင်းတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၉) | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ဦးစိုင်းသီဟကျော် | မိုင်းရယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) | ဦးမင်းဆွေ | ဒိုက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) | ဒေါ်တင်နွယ်ဦး | ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) | ဦးခွန်လိန်း | ဖလမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) | ဦးစိုးမြင့် | ညောင်လေးပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) | ဗိုလ်မှူးချုပ်မြင့်ကိုကို | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၁) | ဦးညီညီမြင့် | အုတ်တွင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) | ဦးမိုးဇော်ဟိန်း | ကသာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၃) | ဦးအောင်လင်းလှိုင် | ဘုတ်ပြင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာဝင်းမြင့် | လှိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၅) | ဒေါ်မိယဉ်ချမ်း | ကျိုက်မရောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၆) | ဦးဝင်းထိန် | မိတ္ထီလာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၇) | ဦးဌေးရယ် | ကယားပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (၁၈) | ဦးအောင်မြင့်သိန်း | ကရင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၉) | အဖွဲ့ဝင် |
| (၁၉) | ဦးမင်းမျိုးတင့်လွင် | ကရင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (၂၀) | ဦးစတီဗင်သာဘိတ် | ချင်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၂၁) | ဦးခမ်ဆွင်းမုန် | ချင်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (၂၂) | ဦးအောင်ဝင်း | တနင်္သာရီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (၂၃) | ဦးမောင်သာခင် | ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၈) | အဖွဲ့ဝင် |
| (၂၄) | ဦးနု | ရန်ကုန်တိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (၂၅) | ဦးစိုင်းဝင်းမောင် | ရှမ်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (၂၆) | ဒေါက်တာ<br>စိုင်းဆိုင်ကျောက်ဆမ် | ရှမ်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (၂၇) | ဦးသိမ်းဆွေ | ဧရာဝတီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (၂၈) | ဗိုလ်မှူးချုပ်အောင်စန်းချစ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၂၉) | ဗိုလ်မှူးမောင်မောင်ကြီး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၃၀) | ဦးမောင်တိုး | မင်းလှမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (၃၁) | ဒေါ်ရီရီမြင့် | မွန်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ် (၁) | တွဲဖက်အတွင်းရေးမှူး |

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၅/ ၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် )

**၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ (မူကြမ်း)

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　　။ )**

၁၃၇၆ ခုနှစ်၊　　　　　　လ　ရက်

( ၂၀၁၄ ခုနှစ်၊　　　လ　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။　၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ [The Requisitioning (Emergency Provisions) Act, 1947] ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် )

**မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နောက်ဆက်တွဲ (စ)**

## မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　　။ )**

၁၃၇၆ ခုနှစ်၊　　　　　　လ　ရက်

( ၂၀၁၄ ခုနှစ်၊　　　လ　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။　မျိုးစေ့ဥပဒေပုဒ်မ ၂ တွင် -

(က)　ပုဒ်မခွဲ (င) ၏ နောက်၌ ပုဒ်မခွဲ (င - ၁) နှင့် (င - ၂) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င - ၁)　**မိဘမျိုးလိုင်း**ဆိုသည်မှာ မျိုးမွေးမြူထုတ်လုပ်ရန်အတွက် မိဘအဖြစ် အသုံးပြုသော မျိုးလိုင်းများကို ဆိုသည်။

(င - ၂) **နှစ်ရှည်သီးနှံ** ဆိုသည်မှာ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားပြီး အပင်အမျိုးအစား အလိုက် နှစ်ကာလတစ်ခုတွင် အကျိုးအမြတ်ရရှိနိုင်မည့် သီးနှံကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ဈ) ၌ ပါရှိသော "စီးပွားရေးအလို့ငှာ ဖြန့်ဖြူးခြင်း" ဆိုသည့် စကားရပ်၏ရှေ့တွင် "ပြည်ပသို့ တင်ပို့၍ဖြစ်စေ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ည) ၌ ပါရှိသော "သတ်မှတ်သောအလေးချိန်" ဆိုသည့် စကားရပ်၏ရှေ့တွင် "သီးနှံ အမျိုးအစားအလိုက်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ မျိုးစေ့ဥပဒေတွင် ပါရှိသော "မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း" ဆိုသည့် စကားရပ်များကို "စိုက်ပျိုးရေး ဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့် စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ မျိုးစေ့ဥပဒေပုဒ်မ ၅ တွင် ပုဒ်မခွဲ (ဆ) ၏နောက်၌ ပုဒ်မခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်၍ မူလဥပဒေပါ ပုဒ်မခွဲ (ဇ) ကို ပုဒ်မခွဲ (ဈ) အဖြစ် အမှတ်စဉ်ပြောင်းလဲရေတွက်ရမည် -

"(ဇ) မှတ်ပုံတင်လက်မှတ်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်း တိုးမြှင့်ခနှင့် အခြားအခကြေးငွေတို့ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊"

၅။ မျိုးစေ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) တွင် "စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မျိုးစေ့ဌာနခွဲ)" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မျိုးစေ့ဥပဒေတွင် ပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ (က) အသိအမှတ်ပြုလက်မှတ် ရရှိရန်ရည်ရွယ်သော အပင်မျိုးသစ်ကို စမ်းသပ်စိုက်ပျိုးရန် ပြည်တွင်းသို့ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် အပင်မျိုးသစ်တင်သွင်းခွင့်အတွက် ထောက်ခံချက်ရရှိရန် မျိုးစေ့နမူနာနှင့်တကွ အချက်အလက်အပြည့်အစုံကို သတ်မှတ်ချက် များနှင့်အညီ အမျိုးသားမျိုးစေ့ကော်မတီသို့ လျှောက်ထားရမည်။

(ခ) အမျိုးသားမျိုးစေ့ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို မျိုးစေ့ကျွမ်းကျင်မှု ဆိုင်ရာကော်မတီအား သတ်မှတ်ချက်များနှင့်အညီ စိစစ်စေပြီး အပင်မျိုးသစ်ကို ပြည်တွင်းသို့ တင်သွင်းခွင့်အတွက် ထောက်ခံချက် ထုတ်ပေးနိုင်သည်။"

၉။ (က) အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်း ပြုလုပ်လိုသူသည် မိမိထုတ်လုပ်လိုသည့် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းလိုသည့် အပင် မျိုးသစ်အတွက် အသိအမှတ်ပြုလက်မှတ်ရရှိရန် အပင်မျိုးသစ်၏ မျိုးစေ့နမူနာနှင့်တကွ အချက်အလက်အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ အမျိုးသားမျိုးစေ့ကော်မတီသို့ တင်ပြ၍ လျှောက်ထားရမည်။

(ခ) အမျိုးသားမျိုးစေ့ကော်မတီသည် ပုဒ်မ ၉ (က) အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စမ်းသပ် စိုက်ပျိုးပြီး စိစစ်တင်ပြရန် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ တာဝန်ပေးအပ်ရမည်။ စပ်မျိုးမိဘမျိုးလိုင်းနှင့် နှစ်ရှည်သီးနှံမျိုးသစ်များကို စမ်းသပ်စိုက်ပျိုးခြင်းမှ ကင်းလွတ်ခွင့် ပြုသည်။

၁၀။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် -

(က) အပင်မျိုးသစ်ကို မျိုးနှင့်သင့်လျော်ပြီး ရာသီဥတုကွဲပြားခြားနားသည့် ဒေသသုံးခု၌ အနည်းဆုံး တစ်ရာသီ စမ်းသပ်စိုက်ပျိုး၍ အောက်ပါအချက်များပေါ်တွင် အခြေခံပြီး အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သင့် မသင့် စိစစ်ရမည် -

(၁) ပြည်တွင်း၌ စိုက်ပျိုးပါက ကောင်းမွန်စွာဖြစ်ထွန်းနိုင်ခြင်း ရှိ မရှိ၊

(၂) စမ်းသပ်စိုက်ပျိုးသော အပင်မျိုးသစ်သည် လက်ရှိအပင်မျိုးထက် သာလွန်ကောင်းမွန်သော အချက်များ ရှိ မရှိနှင့် ထူးခြားသည့်အရည်အသွေး ရှိ မရှိ၊

(၃) အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်နိုင်ခြင်း ရှိ မရှိ။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်တွေ့ရှိသည့် အပင်မျိုးသစ်ကိုလည်းကောင်း၊ မိဘမျိုးလိုင်းနှင့် နှစ်ရှည်သီးနှံများအတွက် မျိုးနှင့်သက်ဆိုင်သည့် အရည်အသွေးလက္ခဏာများ၊ သတင်းအချက်အလက်များကို ပြည့်စုံစွာပြုစုထားသည့် မှတ်တမ်းများကိုလည်းကောင်း စိစစ်၍ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်နှင့်အတူ အမျိုးသားမျိုးစေ့ကော်မတီသို့ တင်ပြရမည်။

၇။ မျိုးစေ့ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ထောက်ခံ" ဆိုသည့် စကားရပ်ကို "သဘောထားမှတ်ချက်နှင့်အတူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး "ထုတ်လုပ်ရန် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းရန် လျှောက်ထားသော" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ မျိုးစေ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "မျိုးစေ့အမျိုးအစား" ဆိုသည့် စကားရပ်ကို "သီးနှံအမျိုးအစား" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မျိုးစေ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် ၈ ၌ ဖော်ပြသော စကားရပ်တစ်ခုလုံးအား ပယ်ဖျက်၍ "မျိုးစေ့အရည်အသွေးထောက်ခံချက်" ဟူသော စကားရပ်ဖြင့် အစားထိုးဖော်ပြရမည်။

၁၀။ မျိုးစေ့ဥပဒေပုဒ်မ ၂၈ တွင် "ကျပ်နှစ်သိန်း" ဆိုသည့် စကားရပ်အစား "ကျပ်တစ်ဆယ်သိန်း" ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။

၁၁။ မျိုးစေ့ဥပဒေပုဒ်မ ၂၉ တွင် "ကျပ်တစ်သိန်း" ဆိုသည့် စကားရပ်အစား "ကျပ်တစ်ဆယ်သိန်း" ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။

၁၂။ မျိုးစေ့ဥပဒေပုဒ်မ ၃၁ တွင် -

(က) ပုဒ်မခွဲ (က) ၌ ပါရှိသော "ဖြန့်ဖြူးရောင်းချခြင်း" ဆိုသည့် စကားရပ်၏ရှေ့တွင် "စီးပွားရေးအလို့ငှာ မဟုတ်သော" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (ခ) တွင် မျိုးပွားခြင်းမဟုတ်ဘဲဆိုသည့် စကားရပ်၏နောက်တွင် "သီးနှံစေ့" ဟူသည့် စကားရပ်ကို ထပ်မံဖြည့်စွက်ဖော်ပြရမည်။

၁၃။ မျိုးစေ့ဥပဒေပုဒ်မ ၃၂ တွင် ပါရှိသော "မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသော တောင်သူလယ်သမားနှင့် မျိုးစေ့သုတေသနပြုလုပ်သူ" ဆိုသည့် စကားရပ်ရှေ့၌ "စီးပွားရေးအလို့ငှာ မဟုတ်သည့်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၄။ မျိုးစေ့ဥပဒေတွင် ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၃။ စိုက်ပျိုးရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်နှင့် အခြားထိခိုက်ပျက်စီးမှုများကြောင့် သီးနှံပြန်လည်စိုက်ပျိုးရန် မျိုးလိုအပ်ချက်ဖြစ်ပေါ်လာပါက မျိုးအဖြစ် အသုံးပြုသင့်သည့် သီးနှံစေ့များကို စိုက်ပျိုးခွင့်ပြုနိုင်သည်။"

၁၅။ မျိုးစေ့ဥပဒေပုဒ်မ ၃၄ တွင် "အစိုးရဌာန" ဟူသော စကားရပ်၏နောက်တွင် "များ" ဟူသော စကားရပ်ကို ဖြည့်စွက်၍ "အဖွဲ့အစည်းတစ်ခုခု" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၆။ မျိုးစေ့ဥပဒေပုဒ်မ ၃၇ တွင် ပြည်တွင်းသို့ တင်သွင်းလိုသူဆိုသည့် စကားရပ်နောက်တွင် "သို့မဟုတ် ပြည်ပသို့ တင်ပို့လိုသူ" ဟူသော စကားရပ်ကို ဖြည့်စွက်ရမည်။

၁၇။ မျိုးစေ့ဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) နှင့် (ခ) အား ပယ်ဖျက်၍ ပုဒ်မခွဲ (က) အဖြစ် "အမျိုးသားမျိုးစေ့ကော်မတီနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ ရုံးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ရမည်" ဟု အစားထိုးဖော်ပြရမည်။

၁၈။ မူလမျိုးစေ့ဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ဂ) အား ပုဒ်မခွဲ (ခ) အဖြစ် ပြောင်းလဲရေတွက်ပြီး ပုဒ်မခွဲ (ခ) တွင် "လုပ်ငန်းအဖွဲ့ခွဲများ" ဆိုသည့် စကားရပ်ကို "ကော်မတီခွဲများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၁၆/၂၀၁၄**

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း**

၁။ မကွေးတိုင်းဒေသကြီး၊ မကွေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းသည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၃၊ နည်းဥပဒေခွဲ (စ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (က) အရ ဋ္ဌင်းရက်မှစ၍ မကွေးတိုင်းဒေသကြီး၊ မကွေးမဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၂၀/၂၀၁၄**

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )

**ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ "တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး

ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း” အား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

## တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်     ။ )**

၁၃၇၆ ခုနှစ်၊                    လ   ရက်

( ၂၀၁၄ ခုနှစ်၊          လ   ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **“တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ”** ဟု ခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတတစ်ဦးအား ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊

(ခ) သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊

(ဂ) တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့်သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ။”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် )

### ကော်မတီအမည် ပြောင်းလဲခြင်း

အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သည့် **ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ**

**ကူညီစောင့်ရှောက်ရေးကော်မတီအမည်အား ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီ**ဟု အမည်ပြောင်းလဲလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄**

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် )

၁။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေသည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ပါသည်။

၂။ ဦးသန်းဆွေအား အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၅၊ နည်းဥပဒေခွဲ (စ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် )

**ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် (ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်) က အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၂ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

# ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ (မူကြမ်း)

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ဥပဒေဘာသာပြန်ကော်မရှင်ကို ဆိုသည်။

(ခ) **ဥက္ကဋ္ဌ**ဆိုသည်မှာ ကော်မရှင်၏ဥက္ကဋ္ဌကို ဆိုသည်။

(ဂ) **အဖွဲ့ဝင်**ဆိုသည်မှာ ကော်မရှင်၏ အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဃ) **ဝေါဟာရ**ဆိုသည်မှာ ဥပဒေတွင် ပါရှိသော စကားရပ် သို့မဟုတ် စကားရပ်စုတစ်ခုခုကို ဆိုသည်။

### အခန်း (၂)

### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေအားလုံးကို မြန်မာဘာသာသို့ ပြန်ဆိုရန်၊

(ခ) အချို့သောဥပဒေဝေါဟာရများအတွက် အဓိပ္ပာယ်တူညီသော မြန်မာဝေါဟာရများ ပြန်ဆိုထားရှိရန်၊

(ဂ) ဥပဒေဝေါဟာရ အဘိဓာန်ပြုစုရန်။

### အခန်း (၃)

### ဥပဒေဘာသာပြန်ကော်မရှင် ဖွဲ့စည်းခြင်း

၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုရှေ့နေချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းပေးသူသုံးဦး | အဖွဲ့ဝင်များ |
| (ဂ) | ပြည်ထောင်စုရှေ့နေချုပ်က အမည်စာရင်းပေးသူသုံးဦး | အဖွဲ့ဝင်များ |
| (ဃ) | တရားလွှတ်တော်ရှေ့နေလုပ်သက် တစ်ဆယ်နှစ်နှင့် အထက်ရှိသူသုံးဦး | အဖွဲ့ဝင်များ |
| (င) | တက္ကသိုလ်၊ ကောလိပ် အင်္ဂလိပ်စာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကသုံးဦး | အဖွဲ့ဝင်များ |
| (စ) | တက္ကသိုလ်၊ ကောလိပ် ဥပဒေပညာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကသုံးဦး | အဖွဲ့ဝင်များ |

(ဆ) မြန်မာစာဌာနမှ အငြိမ်းစားပါမောက္ခနှစ်ဦး — အဖွဲ့ဝင်များ

(ဇ) ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး — အတွင်းရေးမှူး

(ဈ) ညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး — တွဲဖက်အတွင်းရေးမှူး

၅။ ပြည်ထောင်စုရှေ့နေချုပ်သည် ပုဒ်မ ၄ ပါ ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို စုစည်း၍ ကော်မရှင်ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၆။ နိုင်ငံတော်သမ္မတသည် လုပ်ငန်းလိုအပ်ချက်အရ ကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။

၈။ ကော်မရှင်၏သက်တမ်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုမှုပြီးဆုံးသည့်နေ့ရက်အထိ ဖြစ်သည်။

## အခန်း (၄)
## ကော်မရှင်၏လုပ်ငန်းတာဝန်များ

၉။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို နိုင်ငံတော်သမ္မတက တိုးမြှင့်သတ်မှတ်သည့်ကာလအတွင်း မြန်မာဘာသာသို့ အပြီးပြန်ဆိုခြင်း၊

(ခ) ဘာသာပြန်ဆိုမည့်ဥပဒေကို အကောင်အထည်ဖော်သည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများ၊ ဘာသာရပ်ဆိုင်ရာ အခြားကျွမ်းကျင်သူများကို ဘာသာပြန်ဆိုခြင်းနှင့်စပ်လျဉ်း၍ ခေါ်ယူညှိနှိုင်းဆွေးနွေးခြင်း၊

(ဂ) ကော်မရှင်က လိုအပ်သည်ဟု ယူဆပါက ဘာသာပြန်ဆိုရမည့် အချို့ကိစ္စများကို ပုဂ္ဂလိကကျွမ်းကျင်သူများ၏ အကူအညီရယူဆောင်ရွက်ခြင်း၊

(ဃ) ဘာသာပြန်ဆိုမည့်ဥပဒေတွင် ပြင်ဆင်ချက်များရှိခဲ့ပါက ယင်းပြင်ဆင်ချက်များ ပြည့်စုံစွာပါရှိစေရေးအတွက် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အား ပူးပေါင်းဆောင်ရွက်စေခြင်း၊

(င) ကော်မရှင်ကလည်းကောင်း၊ ယခင် မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရအကျက်ဥပဒေအရ ဖွဲ့စည်းခဲ့သော မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရအကြံပေးကော်မတီကလည်းကောင်း ဘာသာပြန်ဆိုထားသည့် မြန်မာဘာသာပြန်ဆိုချက်များကို နိုင်ငံတော်မူပိုင်အဖြစ် သတ်မှတ်ခြင်း၊

(စ) ဥပဒေများ၏ မြန်မာဘာသာပြန်ဆိုချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဆ) မြန်မာဘာသာပြန်ဆိုထားသော ဥပဒေများ၏ ဘာသာပြန်စာမူများကို မှတ်တမ်းအဖြစ် ထိန်းသိမ်းခြင်း၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သို့ တည်ဆဲဥပဒေနှင့်အညီ ပေးပို့ထိန်းသိမ်းခြင်း၊

(ဇ) ဥပဒေဝေါဟာရအဘိဓာန်ကို အစဉ်တစိုက်ဖြည့်စွက်ပြင်ဆင်ပြုစုခြင်း၊

(ဈ) ဥပဒေဘာသာပြန်လုပ်ငန်းများကို ကြီးကြပ်ညွှန်ကြားခြင်း။

## အခန်း (၅)
## ဥပဒေဘာသာပြန် အမိန့်ထုတ်ပြန်ခြင်း

၁၀။ ကော်မရှင်သည် သင့်လျော်သည်ဟု ယူဆလျှင် မြန်မာဘာသာပြန်ဆိုထားသည့်ဥပဒေသည် မူစစ်မူမှန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာနိုင်သည်။

၁၁။ ကော်မရှင်သည် သင့်လျော်သည်ဟု ယူဆလျှင် ထူးခြားသောအင်္ဂလိပ်ဝေါဟာရနှင့် ယှဉ်တွဲဖော်ပြထားသည့် မြန်မာဘာသာဝေါဟာရသည် အဓိပ္ပာယ်တူညီသည်ဟု ထုတ်ပြန်ကြေညာနိုင်သည်။

## အခန်း (၆)
## အထွေထွေ

၁၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် -

(က) ကော်မရှင်၏ ရုံးလုပ်ငန်းအဝဝကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကော်မရှင်အဖွဲ့ဝင်များအတွက် သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ကျခံရမည်။

(ဂ) ပုဂ္ဂလိကကျွမ်းကျင်သူများ၏ အကူအညီရယူခြင်းအတွက် ကုန်ကျစရိတ်များကို ကျခံရမည်။

(ဃ) ဥပဒေဘာသာပြန်ခြင်းဆိုင်ရာ အခြားကုန်ကျစရိတ်များကို ကျခံရမည်။

၁၃။ ကော်မရှင်အဖွဲ့ဝင်များသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်။

၁၄။ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းသော ဥပဒေများကို မြန်မာဘာသာသို့ ကော်မရှင်က ပြန်ဆိုချက်များသည် နိုင်ငံတော်၏ တရားဝင်ဘာသာပြန်ဆိုချက်များ ဖြစ်သည်ဟု မှတ်ယူရမည်။

၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကော်မရှင်သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေနှင့်စပ်လျဉ်းသည့် ကျိုးကြောင်းဖော်ပြချက်

| စဉ် | အခန်း | ပုဒ်မ | အဆိုပြုပြဋ္ဌာန်းချက် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|
| ၁။ | | | **ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ**<br>( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )<br>၁၃၇၆ ခုနှစ်၊ လ ရက်<br>( ၂၀၁၄ ခုနှစ်၊ လ ရက် )<br>ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ | ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကိုလိုနီခေတ်မှစတင်၍ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားခဲ့ပြီး ယနေ့တိုင်တည်ရှိကျင့်သုံးနေသော တည်ဆဲဥပဒေအားလုံးကို ပြည်သူတစ်ရပ်လုံး ရှင်းလင်းလွယ်ကူစွာ လေ့လာသိရှိပြီး လိုက်နာကျင့်သုံးနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားဆဲဖြစ်သည့် ဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုရန်၊ အချို့သောဥပဒေဝေါဟာရများအတွက် အဓိပ္ပာယ်တူညီသော မြန်မာဝေါဟာရများ ပြန်ဆိုထားရှိရန်နှင့် ဥပဒေဝေါဟာရအဘိဓာန် ပြုစုရန်တို့အတွက် ရည်ရွယ်၍ ပြုစုရေးဆွဲရခြင်း ဖြစ်ပါသည်။ |
| ၂။ | | ၁ | **အခန်း (၁)**<br>**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**<br>ဤဥပဒေကို **ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ**ဟု ခေါ်တွင်စေရမည်။ | |
| ၃။ | ၁ | ၂ | ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -<br>(က) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ဥပဒေဘာသာပြန်ကော်မရှင်ကို ဆိုသည်။<br>(ခ) **ဥက္ကဋ္ဌ**ဆိုသည်မှာ ကော်မရှင်၏ဥက္ကဋ္ဌကို ဆိုသည်။<br>(ဂ) **အဖွဲ့ဝင်**ဆိုသည်မှာ ကော်မရှင်၏ အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။<br>(ဃ) **ဝေါဟာရ**ဆိုသည်မှာ ဥပဒေတွင် ပါရှိသော စကားရပ် သို့မဟုတ် စကားရပ်စုတစ်ခုခုကို ဆိုသည်။ | |

| စဉ် | အခန်း | ပုဒ်မ | အဆိုပြုပြဋ္ဌာန်းချက် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|
| ၄။ | ၂ | ၃ | **အခန်း (၂)**<br>**ရည်ရွယ်ချက်**<br>ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -<br>(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေအားလုံးကို မြန်မာဘာသာသို့ ပြန်ဆိုရန်၊<br>(ခ) အချို့သောဥပဒေဝေါဟာရများအတွက် အဓိပ္ပာယ်တူညီသော မြန်မာဝေါဟာရများ ပြန်ဆိုထားရှိရန်၊<br>(ဂ) ဥပဒေဝေါဟာရ အဘိဓာန်ပြုစုရန်။ | |
| ၅။ | ၃ | ၄ | **အခန်း (၃)**<br>**ဥပဒေဘာသာပြန်ကော်မရှင် ဖွဲ့စည်းခြင်း**<br>နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -<br>(က) ပြည်ထောင်စုရှေ့နေချုပ် ဥက္ကဋ္ဌ<br>(ခ) ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းပေးသူသုံးဦး အဖွဲ့ဝင်များ<br>(ဂ) ပြည်ထောင်စုရှေ့နေချုပ်က အမည်စာရင်းပေးသူသုံးဦး အဖွဲ့ဝင်များ<br>(ဃ) တရားလွှတ်တော်ရှေ့နေလုပ်သက် တစ်ဆယ်နှစ်နှင့် အထက်ရှိသူသုံးဦး အဖွဲ့ဝင်များ<br>(င) တက္ကသိုလ်၊ ကောလိပ် အင်္ဂလိပ်စာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကသုံးဦး အဖွဲ့ဝင်များ | |

| စဉ် | အခန်း | ပုဒ်မ | အဆိုပြုပြဋ္ဌာန်းချက် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|
| | | | (စ) တက္ကသိုလ်၊ ကောလိပ် ဥပဒေပညာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကသုံးဦး — အဖွဲ့ဝင်များ<br>(ဆ) မြန်မာစာဌာနမှ အငြိမ်းစားပါမောက္ခနှစ်ဦး — အဖွဲ့ဝင်များ<br>(ဇ) ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး — အတွင်းရေးမှူး<br>(ဈ) ညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး — တွဲဖက်အတွင်းရေးမှူး | |
| ၆။ | ၃ | ၅ | ပြည်ထောင်စုရှေ့နေချုပ်သည် ပုဒ်မ ၄ ပါ ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို စုစည်း၍ ကော်မရှင် ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ | |
| ၇။ | ၃ | ၆ | နိုင်ငံတော်သမ္မတသည် လုပ်ငန်းလိုအပ်ချက်အရ ကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ | |
| ၈။ | ၃ | ၇ | နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။ | |
| ၉။ | ၃ | ၈ | ကော်မရှင်၏သက်တမ်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုမှုပြီးဆုံးသည့်နေ့ရက်အထိ ဖြစ်သည်။ | |

| စဉ် | အခန်း | ပုဒ်မ | အဆိုပြုပြဋ္ဌာန်းချက် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|
| ၁၀။ | ၄ | ၉ | **အခန်း (၄)**<br>**ကော်မရှင်၏လုပ်ငန်းတာဝန်များ**<br>ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -<br>(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို နိုင်ငံတော်သမ္မတက တိုးမြှင့်သတ်မှတ်သည့် ကာလအတွင်း မြန်မာဘာသာသို့ အပြီးပြန်ဆိုခြင်း၊<br>(ခ) ဘာသာပြန်ဆိုမည့်ဥပဒေကို အကောင်အထည်ဖော်သည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများ၊ ဘာသာရပ်ဆိုင်ရာ အခြားကျွမ်းကျင်သူများကို ဘာသာပြန်ဆိုခြင်းနှင့်စပ်လျဉ်း၍ ခေါ်ယူညှိနှိုင်းဆွေးနွေးခြင်း၊<br>(ဂ) ကော်မရှင်က လိုအပ်သည်ဟု ယူဆပါက ဘာသာပြန်ဆိုရမည့် အချို့ကိစ္စများကို ပုဂ္ဂလိကကျွမ်းကျင်သူများ၏ အကူအညီရယူဆောင်ရွက်ခြင်း၊<br>(ဃ) ဘာသာပြန်ဆိုမည့်ဥပဒေတွင် ပြင်ဆင်ချက်များရှိခဲ့ပါက ယင်းပြင်ဆင်ချက်များ ပြည့်စုံစွာပါရှိစေရေးအတွက် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အား ပူးပေါင်းဆောင်ရွက်စေခြင်း၊<br>(င) ကော်မရှင်ကလည်းကောင်း၊ ယခင် မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရအက်ဥပဒေအရ ဖွဲ့စည်းခဲ့သော မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရအကြံပေးကော်မတီကလည်းကောင်း ဘာသာပြန်ဆိုထားသည့် မြန်မာဘာသာပြန်ဆိုချက်များကို နိုင်ငံတော်မူပိုင်အဖြစ် သတ်မှတ်ခြင်း၊ | |

| စဉ် | အခန်း | ပုဒ်မ | အဆိုပြုပြဋ္ဌာန်းချက် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|
| | | | (စ) ဥပဒေများ၏ မြန်မာဘာသာပြန်ဆိုချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊<br>(ဆ) မြန်မာဘာသာပြန်ဆိုထားသော ဥပဒေများ၏ ဘာသာပြန်စာမူများကို မှတ်တမ်းအဖြစ် ထိန်းသိမ်းခြင်း၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သို့ တည်ဆဲဥပဒေနှင့်အညီ ပေးပို့ထိန်းသိမ်းခြင်း၊<br>(ဇ) ဥပဒေဝေါဟာရအဘိဓာန်ကို အစဉ်တစိုက်ဖြည့်စွက်ပြင်ဆင်ပြုစုခြင်း၊<br>(ဈ) ဥပဒေဘာသာပြန်လုပ်ငန်းများကို ကြီးကြပ်ညွှန်ကြားခြင်း။ | |
| ၁၁။ | ၅ | ၁၀ | **အခန်း (၅)**<br>**ဥပဒေဘာသာပြန် အမိန့်ထုတ်ပြန်ခြင်း**<br>ကော်မရှင်သည် သင့်လျော်သည်ဟု ယူဆလျှင် မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူစစ်မူမှန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာနိုင်သည်။ | |
| ၁၂။ | ၅ | ၁၁ | ကော်မရှင်သည် သင့်လျော်သည်ဟု ယူဆလျှင် ထူးခြားသော အင်္ဂလိပ်ဝေါဟာရနှင့် ယှဉ်တွဲဖော်ပြထားသည့် မြန်မာဘာသာဝေါဟာရသည် အဓိပ္ပာယ်တူညီသည်ဟု ထုတ်ပြန်ကြေညာနိုင်သည်။ | |
| ၁၃။ | ၆ | ၁၂ | **အခန်း (၆)**<br>**အထွေထွေ**<br>ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် -<br>(က) ကော်မရှင်၏ ရုံးလုပ်ငန်းအဝဝကို တာဝန်ယူဆောင်ရွက်ရမည်။<br>(ခ) ကော်မရှင်အဖွဲ့ဝင်များအတွက် သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ကျခံရမည်။ | |

| စဉ် | အခန်း | ပုဒ်မ | အဆိုပြုပြဋ္ဌာန်းချက် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|
| | | | (ဂ) ပုဂ္ဂလိကကျွမ်းကျင်သူများ၏ အကူအညီရယူခြင်းအတွက် ကုန်ကျစရိတ်များကို ကျခံရမည်။ (ဃ) ဥပဒေဘာသာပြန်ခြင်းဆိုင်ရာ အခြားကုန်ကျစရိတ်များကို ကျခံရမည်။ | |
| ၁၄။ | ၆ | ၁၃ | ကော်မရှင်အဖွဲ့ဝင်များသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်ကာလအတွင်း ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်။ | |
| ၁၅။ | ၆ | ၁၄ | အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းသောဥပဒေများကို မြန်မာဘာသာသို့ ကော်မရှင်က ပြန်ဆိုချက်များသည် နိုင်ငံတော်၏ တရားဝင်ဘာသာပြန်ဆိုချက်များ ဖြစ်သည်ဟု မှတ်ယူရမည်။ | |
| ၁၆။ | ၆ | ၁၅ | ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကော်မရှင်သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၅/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် )

### တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၁) နှင့် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၁/၂၀၁၂) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၈၆၃၂<br>ဗိုလ်မှူးကြီးဝင်းနိုင် | (အစား) | ကြည်း ၂၁၀၄၆<br>ဗိုလ်မှူးကြီးလှဦး |
| (၂) | ကြည်း ၂၇၂၇၁<br>ဗိုလ်မှူးစိုးသိန်းထွန်း | (အစား) | ကြည်း ၃၀၄၈၉<br>ဗိုလ်မှူးကျော်ဇင်မိုး |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၆/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် )

### တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်

အမှတ် (၂/၂၀၁၁) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | |
|---|---|---|
| ကြည်း ၂၇၂၈၃<br>ဗိုလ်မှူးဇော်ခင်ထွန်း | (အစား) | ကြည်း ၃၄၇၁၁<br>ဗိုလ်မှူးတင့်လွင်အေး |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

### လက်ထောက်ညွှန်ကြားရေးမှူးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်းအား မိသားစုအခက်အခဲများကြောင့် နုတ်ထွက်ခွင့် ပြုပါရန် ယင်း၏လျှောက်ထားချက်နှင့် မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက် အရ မည်သည့်အကျိုးခံစားခွင့်ကိုမျှ ရယူခြင်းမပြုဘဲ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက် )

အမှတ် ၄၀။ ။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၄) ၏ သဘောတူညီချက် အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နိုင်ငံတော်သံစုံတီးဝိုင်းမှ အောက်ဖော်ပြပါ ဝါရင့်ဂီတပညာရှင် (၁၁) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်မှစ၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊

နိုင်ငံတော်သံစုံတီးဝိုင်းတွင် ကျွမ်းကျင်သူများ (လစဉ်ထောက်ပံ့ငွေ ၈၀,၀၀၀/-) အဖြစ် တစ်နှစ် ဆက်လက် ခန့်ထားလိုက်သည် -

| စဉ် | အမည် | ခန့်ထားသည့်ရာထူး | ခန့်ထားသည့်နေ့ရက် | ခန့်သည့်အကြိမ် |
|---|---|---|---|---|
| (က) | ဦးတင်ငွေ | ကျွမ်းကျင်သူ | ၁၅-၅-၂၀၁၄ | ၇-ကြိမ် |
| (ခ) | ဦးစိုးမင်း | ကျွမ်းကျင်သူ | ၃၁-၆-၂၀၁၄ | ၆-ကြိမ် |
| (ဂ) | ဒေါ်လဲ့လဲ့ဝင်း | ကျွမ်းကျင်သူ | ၁၅-၇-၂၀၁၄ | ၂-ကြိမ် |
| (ဃ) | ဦးစောအောင် | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၄ | ၁၁-ကြိမ် |
| (င) | ဦးလင်း | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၄ | ၁၁-ကြိမ် |
| (စ) | ဦးသိန်းမြင့် | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၄ | ၁၁-ကြိမ် |
| (ဆ) | ဒေါ်တင်မေရီ | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၄ | ၁၁-ကြိမ် |
| (ဇ) | ဦးလှထွန်း | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၄ | ၁၁-ကြိမ် |
| (ဈ) | ဦးတင်သိန်း | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၄ | ၁၁-ကြိမ် |
| (ည) | ဦးခင်မောင် | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၄ | ၁၁-ကြိမ် |
| (ဋ) | ဦးမောင်မောင် | ကျွမ်းကျင်သူ | ၁၀-၁၁-၂၀၁၄ | ၉-ကြိမ် |

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )

အမှတ် ၄၁။ ။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်စေခဲ့သော ကြည်း ၅၉၂၅၃ ဗိုလ်ကြီးအောင်မြင့်သူအား ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော် (ရုံးချုပ်) ၌ လစ်လပ်လျက်ရှိသော လက်ထောက်မန်နေဂျာ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးတွင် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )

အမှတ် ၄၂။ ။ အခွင့်အာဏာမရှိဘဲ Star Media Group၊ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်အိကေခိုင်၏ ဈေးဝယ်လမ်းညွှန် (Shopping Guide) စာအုပ်ကို ထုတ်ဝေဖြန့်ချိခွင့်ပြုပေးခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုင်းဆမ်တစ်အား နှစ်တိုးလစာ ရပ်ဆိုင်းခြင်း ပြစ်ဒဏ်ကာလကို (၂) နှစ် သတ်မှတ်လိုက်သည်။

အမှတ် ၄၃။ ။ နှစ်တိုးလစာရပ်ဆိုင်းခြင်းကြောင့် နောင်ရရန်ရှိသော နှစ်တိုးလစာများ ရွှေ့သွားစေခြင်း မရှိစေရ။

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် )

အမှတ် ၄၄။ ။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၂၉/၂၀၁၄) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ

အရာထမ်း(၂) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| စဉ် | အမည်/လက်ရှိရာထူး/ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး/ဌာန |
|---|---|---|
| (၁) | ဦးသိန်းနိုင်<br>စာတည်းမှူးချုပ်<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>မြန်မာ့အလင်းပုံနှိပ်တိုက်<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | ညွှန်ကြားရေးမှူး<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>ဇာတ်ကားအဆင့်သတ်မှတ်ရေးနှင့်<br>မူပိုင်ခွင့်၊ မှတ်ပုံတင်ဌာနခွဲ<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန |
| (၂) | ဦးမြင့်ဝေ<br>ညွှန်ကြားရေးမှူး (ရုပ်မြင်/အင်္ဂလိပ်)<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | စာတည်းမှူးချုပ်<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>မြန်မာ့အလင်းပုံနှိပ်တိုက်<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |

## (ဝန်ကြီးရုံး)

အမှတ် ၄၅ ။ ။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၉/၂၀၁၄) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်း (၃) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/လက်ရှိရာထူး/ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး/ဌာန |
|---|---|---|
| (၁) | ဦးသာစိန်<br>စာတည်းမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>မြန်မာ့သတင်းစဉ် (နိုင်ငံခြား)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | စာတည်းမှူးချုပ်<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>မြန်မာ့သတင်းစဉ် (နိုင်ငံခြား)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |
| (၂) | ဦးရဲထွန်း<br>ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်/ရိုက်ကူး)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ညွှန်ကြားရေးမှူး (ရုပ်မြင်/အင်္ဂလိပ်)<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၃) | ဦးတိုးကျော်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ညွှန်ကြားရေးမှူး<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>ပိတောက်မြေဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |

## (ဝန်ကြီးရုံး)

အမှတ် ၄၆ ။ ။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၉/၂၀၁၄) ၏ သဘောတူညီချက်အရ ပြန်ကြားရေး

ဝန်ကြီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး/လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး/ဌာန |
|---|---|---|
| (၁) | ဦးဇေယျာမင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(သတင်းထုတ်လွှင့်)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>သတင်းထုတ်လွှင့်ရေးဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ဒုတိယညွှန်ကြားရေးမှူး (သံစုံ)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၂) | ဦးကြည်ထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး (စီစဉ်/စီမံ)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ဒုတိယညွှန်ကြားရေးမှူး (ဆိုင်းဝိုင်း)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၃) | ဒေါ်လိန်းမောင်းပန်<br>လက်ထောက်ညွှန်ကြားရေးမှူး (သတင်း)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်/ရိုက်ကူး)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၄) | ဦးမြင့်ဟန်<br>လက်ထောက်ညွှန်ကြားရေးမှူး (အစီအစဉ်)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ဒုတိယညွှန်ကြားရေးမှူး (ထုတ်လွှင့်/မှတ်တမ်း)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၅) | ဒေါ်ခင်စန္ဒာအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(ထုတ်လုပ်/စတူဒီယို)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ဒုတိယညွှန်ကြားရေးမှူး (ပိတောက်မြေ)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ပိတောက်မြေဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၆) | ဒေါ်သင်းသင်းဇင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ရခိုင်ပြည်နယ်ရုံး (အင်အားပြ)<br>ထုတ်လုပ်ဌာနခွဲ (တွဲဖက်)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>နေပြည်တော်ကောင်စီနယ်မြေတိုင်းရုံး<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၇) | ဦးကျော်ဆင့်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |

| စဉ် | အမည်၊ လက်ရှိရာထူး/လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး/ဌာန |
|---|---|---|
| (၈) | ဦးမင်းသန့်<br>မန်နေဂျာ [မြန်မာ့သတင်းစဉ် (ပြည်တွင်း)]<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | စာတည်းမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>မြန်မာ့သတင်းစဉ် (နိုင်ငံခြား)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |
| (၉) | ဦးကျော်လွင်ဦး<br>မန်နေဂျာ (နေပြည်တော်သတင်းစာတိုက်)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | စာတည်းမှူး<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>မြန်မာ့အလင်းပုံနှိပ်တိုက်<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |
| (၁၀) | ဦးသန်းဦး<br>လက်ထောက်ညွှန်ကြားရေးမှူး (သတင်း)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ရုံးချုပ်<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | ဒုတိယညွှန်ကြားရေးမှူး (သတင်း)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ရုံးချုပ်<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |
| (၁၁) | ဦးကျော်ဇင်စိုး<br>မန်နေဂျာ (ထုတ်လုပ်)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ရုံးချုပ်<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | ဒုတိယညွှန်ကြားရေးမှူး (စီမံ)<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ရုံးချုပ်<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |

## (ဝန်ကြီးရုံး)

အမှတ် ၄၇။ ။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၉/၂၀၁၄) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး/လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး/ဌာန |
|---|---|---|
| (၁) | ဦးတင်ထွဋ်ဦး<br>လက်ထောက်အင်ဂျင်နီယာ<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အင်ဂျင်နီယာမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၂) | ဦးဗိုလ်ဗိုလ်ထွန်း<br>လက်ထောက်အင်ဂျင်နီယာ<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အင်ဂျင်နီယာမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၃) | ဦးမျိုးဝင်းအောင်<br>လက်ထောက်အင်ဂျင်နီယာ<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အင်ဂျင်နီယာမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |

| စဉ် | အမည်၊ လက်ရှိရာထူး/လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး/ဌာန |
|---|---|---|
| (၄) | ဦးကျော်ရွှေ<br>လက်ထောက်အင်ဂျင်နီယာ<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အင်ဂျင်နီယာမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၅) | ဒေါ်သူဇာဝင်း<br>ဦးစီးအရာရှိ (တာဝန်ခံ) (ထုတ်လုပ်)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ရုပ်မြင်သံကြား (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၆) | ဒေါ်ဝေဝေလှိုင်<br>လက်ထောက်အင်ဂျင်နီယာ<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အင်ဂျင်နီယာမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၇) | ဦးနေမျိုးဝင်း<br>လက်ထောက်အင်ဂျင်နီယာ<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အင်ဂျင်နီယာမှူး<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၈) | ဦးလှဝင်း<br>ဦးစီးအရာရှိ (ထုတ်လွှင့်)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ပိတောက်မြေဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | လက်ထောက်ညွှန်ကြားရေးမှူး (ဆိုင်းဝိုင်း)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၉) | ဒေါ်ခင်မိုးဥ<br>ဦးစီးအရာရှိ (တာဝန်ခံ)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | လက်ထောက်ညွှန်ကြားရေးမှူး<br>(ထုတ်လုပ်/စတူဒီယို)<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ရုပ်မြင်ဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
